အရှေ့တောင်အာရှနိုင်ငံများသမိုင်း

# A SHORT HISTORY OF SOUTH-EAST ASIA

Peter Church

ပန်းဆက်လမ်း



ကိုကိုလေး

# အရှေ့တောင်အာရှ နိုင်ငံများသမိုင်း

## ကိုကိုလေး

ပန်းဆက်လမ်း

**www.pannsattlann.com**, Mobile App/ **Pann Satt Lann**
Facebook page/ **Pann Satt Lann Books**
Email/ **pannsattlann22@gmail.com**
ဖုန်း - ၀၉ ၄၄၃၁၆၇၃၄၆၊ ၀၉ ၉၇၇၈၈၅၁၈၉

ပုံနှိပ်မှတ်တမ်း

**အရှေ့တောင်အာရှနိုင်ငံများသမိုင်း**

ကိုကိုလေး

စာမျက်နှာ ၂၈၆၊ ၁၄.၂ စင်တီ ၂၁ စင်တီ

မူရင်း - **A Short History of Southeast Asia by Peter Church**

ဤစာအုပ်ကို ပန်းဆက်လမ်းစာအုပ်တိုက် (၀၀၇၈၄)၊ အမှတ် (၄၅၄)၊ မြင်တော်သာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး ပန်းဆက်လမ်းပုံနှိပ်တိုက် (၀၁၄၉၁)၊ အမှတ် (၆၈၂)၊ အောင်မေတ္တာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်၌ ပုံနှိပ်ကာ ၂၀၂၃ ခုနှစ် မေလတွင် ပထမအကြိမ် ထုတ်ဝေဖြန့်ချိသည်။

**တန်ဖိုး - ၈၀၀၀ ကျပ်**

စာမူမူပိုင် © ပန်းဆက်လမ်း

ဤစာအုပ်သည် မူပိုင်ခွင့်ပိုင်ရှင်ရှိသော စာအုပ်ဖြစ်ပါသည်။ စာအုပ်ပါ အကြောင်းအရာအားလုံးကို ဖြစ်စေ၊ အပိုင်းလိုက်ဖြစ်စေ ကူးယူပုံနှိပ်ခြင်း၊ e-book, audio-book, pdf နှင့် အင်တာနက်နည်းပညာသုံး မည်သည့်ပြောင်းလဲထုတ်ဝေခြင်းမဆို အထက်ပါမူပိုင်ရှင်၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မပါရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။ (စာအုပ်အညွှန်းရေးသားခြင်း Book Review အတွက် ခွင့်ပြုချက်တောင်းရန်မလိုပါ။)

# မာတိကာ


မူရင်းစာရေးသူ၏ အမှာစာ ၃

**အခန်း(၁) ဘရူနိုင်းနိုင်ငံ**

BRUNEI ၇

**အခန်း(၂) ကမ္ဘောဒီးယားနိုင်ငံ**

CAMBODIA ၂၂

**အခန်း(၃) အရှေ့တီမောနိုင်ငံ**

East Timor ၆၅

**အခန်း(၄) အင်ဒိုနီးရှားနိုင်ငံ**

INDONESIA ၇၁

**အခန်း(၅) လာအိုနိုင်ငံ**

LAO PDR ၉၆

**အခန်း(၆) မလေးရှားနိုင်ငံ**

MALAYSIA ၁၂၇

**အခန်း(၇) မြန်မာနိုင်ငံ**

MYANMAR ၁၇၂

**အခန်း(၈) ဖိလစ်ပိုင်နိုင်ငံ**

PHILIPPINES ၁၉၆

**အခန်း(၉) စင်ကာပူနိုင်ငံ**

SINGAPORE ၉၆

**အခန်း(၁၀) ထိုင်းနိုင်ငံ**

THAILAND ၂၃၈

**အခန်း(၁၁) ဗီယက်နမ်နိုင်ငံ**

VIETNAM ၂၆၄

# မူရင်းစာရေးသူရဲ့ အမှာစာ

အရှေ့တောင်အာရှနိုင်ငံအသင်း (အာဆီယံ) ကို စစ်အေးတိုက်ပွဲကာလတွင် အမေရိကန်၏ မဟာမိတ်နိုင်ငံများ ဖြစ်ကြသော စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့ဖြင့် စတင်တည်ထောင်ခဲ့ကြသည်။ စတင်တည်ထောင်စဉ်က အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှ ဒေသအတွင်းသို့ ဆိုဗီယက်ကွန်မြူနစ်ဝါဒနှင့် တရုတ်ကွန်မြူနစ်ဝါဒများ ပြန့်နှံ့လာခြင်းမရှိစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံမှ အနောက်တွင် အမေရိကန်နိုင်ငံ ရှိနေသည်။ တောင်ဗီယက်နမ်တွင် အမေရိကန်တို့ ၁၉၅၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်ကုန်ပိုင်း၊ ဝါးတားဂိတ်အရေးတော်ပုံကြောင့် အမေရိကန်သမ္မတ နစ်စင် ပြုတ်ကျကာနီးအချိန်အထိ အမေရိကန်က အကာအကွယ် ပေးထားသည်။ သမ္မတနစ်စင် ပြုတ်ကျပြီး သမ္မတဖို့(ဒ်)လက်ထက်တွင် စစ်ရေးအကူအညီ လုံးဝ မပေးသောကြောင့် မြောက်ဗီယက်နမ် (ကွန်မြူနစ်) တို့ တောင်ဗီယက်နမ်ကို သိမ်းပိုက်ပြီး ကွန်မြူနစ်ဇာတ်သွင်းခဲ့သည်။ ၁၉၇၅ ခုနှစ်မှ စစ်အေးတိုက်ပွဲ ပြီးဆုံးချိန်အထိ ဗီယက်နမ်ကို အမေရိကန်မှ စီးပွားရေးပိတ်ဆို့ထားပြီး ကွန်မြူနစ်တို့ အရှေ့တောင်အာရှအတွင်း ထပ်၍ ပြန့်နှံ့မှုကို ကာကွယ်ခဲ့သည်။

ကမ္ဘောဒီးယားတွင် ၁၉၇၀ မှ ၁၉၇၈ အထိ ကွန်မြူနစ်ခမာနီတို့ ဩဇာလွှမ်းမိုးခဲ့သည်။ စင်္ကာပူခေါင်းဆောင်ကြီး လီကွမ်ယု (Lee Kuan Yew) က အရှေ့တောင်အာရှ နိုင်ငံအားလုံး

၁၉၉၉ ခုနှစ်တွင် အာဆီယံအဖွဲ့ထဲ ဝင်ရောက်ခဲ့ကြပြီ ဖြစ်သောကြောင့် အရှေ့တောင်အာရှ နိုင်ငံအားလုံးရဲ့ သမိုင်းအကျဉ်းချုပ်ကို စုပေါင်းပြီး၊ စာအုပ်ရေးပါဟု တိုက်တွန်းသောကြောင့် ဤစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်။

အရှေ့တောင်အာရှ နိုင်ငံအားလုံး၏ သမိုင်းကို ရေးသားရခြင်း၊ သမိုင်းအကျဉ်းချုပ် ရေးသားရခြင်း ဖြစ်သောကြောင့် အဓိကအချက်များကိုသာ ဦးစားပေး ဖော်ပြထားပါသည်။ အသေးစိတ် ပို၍ သိလိုပါက သက်ဆိုင်ရာနိုင်ငံအသီးသီး၏ သမိုင်းစာအုပ်များကို လေ့လာရမှာ ဖြစ်ပါတယ်။

**Peter Church**

**OAM Chairman, Asean Focus Group**

**Sydney, 1 June 2009**

# (၁)

# ဘရူနိုင်းနိုင်ငံ

# BRUNEI



Gold Domed Mosque

# ဘရူနိုင်းနိုင်ငံနှင့် ပတ်သက်ပြီး သိထားသင့်သော အချက်အလက်များ

အေဒီခြောက်ရာစုမှ အေဒီကိုးရာစုအတွင်း ကာလီမန်တန် (Kalimantan) အနောက်မြောက်ကမ်းခြေတွင် (Kingdam of Puni) ပူနီမင်းနေပြည်တော် ပေါ်ထွက်ခဲ့သည်။ ပူနီမင်းနေပြည်တော်သည် ကာလီမန်တန်ဒေသတွင် တန်ခိုးသြဇာ အကြီးမားဆုံး ဖြစ်သည်။ ထိုဒေသသည် တရုတ်ပြည်ကိုသွားသော ရေလမ်းကြောင်းတွင် အဓိက အချက်အချာအကျဆုံးဖြစ်သည်။ အာရပ်ကုန်သဘော်များ၊ ရွက်လှေကြီးများ၊ ပါးရှားကုန်သဘော်ကြီးများ၊ ရွက်လှေကြီးများ၊ အိန္ဒိယမှ ကုန်သဘော်များ၊ ရွက်လှေကြီးများသည် ကာလီမန်တန် ပင်လယ်ပြင်ကို ဖြတ်သန်းကြသောအခါ ပူနီဘုရင့်နိုင်ငံတော်ကို အကောက်အခွန်ပေးပြီး သွားလာရသောကြောင့် ပူနီမင်းနေပြည်တော်သည် လွန်စွာ ဝင်ငွေကောင်းနေပါသည်။

တရုတ်ပြည်မှ ကုန်သဘော်များနှင့် ရွက်လှေကြီးများလည်း ပူနီမင်းနေပြည်တော်ကို အကောက်အခွန်ပေးရသည်။ ပူနီဘုရင့်တပ်မတော်သည် ရေလမ်းကြောင်းလုံခြုံရေးအတွက် တာဝန်ယူရသည်။ ပင်လယ်ဓားပြများကို နှိမ်နင်းပေးရသည်။ အေဒီဆယ့်လေးရာစုရောက်သောအခါ ပူနီမင်းနေပြည်တော်သည် မဂျာပဟစ်အင်ပါယာ (Majapahit Empire) အတွင်း ကျရောက်ခဲ့သည်။

အေဒီ (၁၅၂၁) ခုနှစ်တွင် မက်ဂျီလန် (Magellan) သည် မလ္လက္ကာရေးလက်ကြားဒေသကိုလှေ့လာရင်း ဘရူနိုင်းကို ရောက်ခဲ့သည်။ ထိုဒေသသည် အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန် ကုန်သွယ်ရေးတွင် လွန်စွာအရေးကြီးသော ဒေသ

ဖြစ်ကြောင်း သိသွားသောကြောင့် အနောက်တိုင်းကို ပြန်ရောက်သောအခါ မလက္ကာရေလက်ကြားဒေသနှင့် တရုတ်နိုင်ငံသို့ ကုန်သွယ်ရာလမ်းကြောင်းတွင် အချက်အချာကျသော ဘရူနိုင်းနိုင်ငံအကြောင်း ရှင်းပြခဲ့သည်။

အေဒီ ဆယ့်ခြောက်ရာစုမှ ဆယ့်ခုနစ်ရာစုအတွင်း ဘရူနိုင်းဘုရင်သည် လွန်စွာအင်အားကြီးမားခဲ့သည်။ ကာလီမန်တန်ဒေသတစ်ခုလုံးကို ပိုင်နိုင်စွာ ထိန်းချုပ်ပြီးနောက် တောင်ဖက်ရှိ ဖိလစ်ပိုင်ဆဘား (Sabah) နှင့် ဆာရာဝပ် (Sarawak) ဒေသအားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။

အေဒီ ဆယ့်ရှစ်ရာစုတွင် ဘရူနိုင်းဘုရင်များသည် အရည်အချင်းညံ့ဖျင်းလာသောကြောင့် ဒေသအတွင်း ဩဇာအာဏာမရှိတော့ပေ။ စီးပွားရေးလည်း ကျဆင်းပြီး အဖက်ဖက်မှ ယိုယွင်းလာခဲ့သည်။

၁၈၃၉ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် ဗြိတိသျှကိုလိုနီဘဝ ကျရောက်ခဲ့သည်။ ဆာရာဝပ်တွင် အင်္ဂလိပ်လူမျိုးဘုရင်ခံ ဂျိမ်းဘရွတ်ကီ (James Brooke) ရောက်ရှိလာပြီး အုပ်ချုပ်ခဲ့ရာ သူ့ကို ဒေသခံများက ရာဂျာအဖြူ သို့မဟုတ် လူဖြူရာဂျာ (White Rajah) ဟု ခေါ်ကြသည်။

၁၈၈၈ တွင် ဗြိတိသျှတို့သိမ်းပိုက်ကြောင်း ကြေညာခဲ့သည်။ ဘရူနိုင်းနိုင်ငံသည် ဗြိတိသျှ၏ အစောင့်အရှောက်ခံနိုင်ငံ (Protectorate) ဖြစ်သည်ဟုဆိုပြီး ကိုလိုနီပြုခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အမြောက်အမြား ထွက်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဗြိတိသျှတို့သည် ဘရူနိုင်းနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော နိုင်ငံအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။

၁၉၆၂ ခုနှစ်တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ဘရူနိုင်းဘုရင် ထီးနန်းစွန့်သွားသောကြောင့် ဆာမူဒါဟက်ဆာနိုင်းဆို(လ်)ကိုင်း (Sir Mudo Hassanal Bolkiah) သည် နှစ်ဆယ့်ကိုးဆယ်မြောက် စူ(လ်)တန် (29th Sultan) ဖြစ်လာသည်။

၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သောနိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၈၇ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် အာဆီယံ (ASEAN) အဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၁ ခုနှစ် အာဆီယံအစည်းအဝေး (ထိပ်သီးအစည်းအဝေး) ကျင်းပရာတွင် ဘရူနိုင်း

နိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၂၁ တွင် ဘရူနိုင်းဘုရင်သည် အာဆီယံဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

✦✦✦

## ရှေးဟောင်းသမိုင်း Early History

ထိုခေတ်က စာပေဖြင့် မှတ်တမ်းများရေးသားသော အလေ့အထ သိပ်မရှိသောကြောင့် ရှေးအကျဆုံး သမိုင်းနှင့် ပတ်သက်ပြီး ခိုင်မာသော သမိုင်းမှတ်တမ်းအထောက်အထားများ မရှိပေ။

လူကြီးသူမများ၊ အဆင့်ဆင့်သယ်ဆောင်လာသော ပါးစပ်ရာဇဝင်မျှသာရှိရာ၊ သမိုင်းမှတ်တမ်းအဖြစ် ယူဆ၍မရပါ။ ထို့ကြောင့် အစောဆုံးသမိုင်းသည် အေဒီခြောက်ရာစုတွင် တရုတ်ပြည်သို့ ကုန်သွယ်ကြသော အာရပ်ကုန်သည်များ၏ သမိုင်းမှတ်တမ်းတွင် မလက္ကာ ရေလက်ကြားအနီးရှိ ကာလီမန်တန်ဒေသ အနောက်-မြောက်ကမ်းခြေ (The north-west Coast of Kalimantan) တွင် ဘရူနိုင်းမင်းနေပြည်တော်ကို တွေ့ရှိပြီး မှတ်တမ်းတင်ခဲ့ကြသည်။ ထိုအချိန်က ထိုဒေသတွင် တန်ခိုးဩဇာအာဏာ ကြီးမားသော ဘရူနိုင်းနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ ထွန်းကားနေသည်။ ဒေသခံ မလေးကျွန်းသားများသည် နတ်ကိုးကွယ်မှုအဆင့်တွင်သာ ရှိကြသည်။

အိန္ဒိယမှ တရုတ်ပြည်သို့ ကုန်သွယ်သော ကုန်သည်များမှတဆင့် ထိုဒေသတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာများ ထွန်းကားခဲ့ခြင်းဖြစ်သည်။ မင်းနေပြည်တော်ကို ထိုအချိန်က ပူနီမင်းနေပြည်တော် (Kingdom of Puni) ဟု ခေါ်သည်။ ပူနီဘုရင်သည် ရေကြောင်းသွားလာသော ကုန်သင်္ဘောများတွင် အကောက်ခွန် ကောက်ယူရာ တရုတ်မှတ်တမ်းများအရ ပူနီဘုရင်များသည် တရုတ်ဧကရာဇ်ကို နှစ်စဉ် အခွန်ဘဏ္ဍာဆက်သရသည်။

တရုတ်မှတ်တမ်းများအရ ဘရူနိုင်း(ပူနီ) နိုင်ငံဘုရင်များသည် တရုတ်ဧကရာဇ်ထံ အခွန်ဘဏ္ဍာဆက်သခြင်းကို အေဒီခြောက်ရာစုမှ အေဒီကိုးရာစုအထိ နှစ်ပေါင်းလေးရာနီးပါးမျှ လက်အောက်ခံအဖြစ် အခွန်ဘဏ္ဍာဆက်သခဲ့ရသည်။ အေဒီဆယ့်လေးရာစုတွင် ဘရူနိုင်းနိုင်ငံသည် ဂျားဗားအင်ပါယာ (Java Empire) ဖြစ်သော မဂျာပဟစ်အင်ပါယာ (Empire of Majapahit) ၏ လက်အောက်ကို ကျရောက်ခဲ့ရသည်။

တရုတ်ပြည်ကိုသွားသော ရေလမ်းကြောင်းတွင် ပူနီဘုရင်တို့သည် ဆက်၍ အခွန်ကောက်ခွင့်ရသည်။ တရုတ်ဧကရာဇ်ကို အခွန်ဘဏ္ဍာမပေးရဘဲ မဂျာပဟစ်အင်ပါယာကို အခွန်ဘဏ္ဍာ ဆက်သခဲ့ရသည်။

သို့သော် နှစ်ပေါင်းတစ်ရာမျှအကြာ အေဒီဆယ့်ငါးရာစုတွင် မဂျာပဟစ်အင်ပါယာသည် တန်ခိုးသြဇာအာဏာ ကျဆင်းလာသောအခါ ဘရူနိုင်းနိုင်ငံသည် တိုင်းတစ်ပါးသားတို့၏ သြဇာအာဏာအောက်မှ လွတ်မြောက်ခဲ့သည်။ ဆယ့်ငါးရာစုအစောပိုင်းတွင် တရုတ်ရေတပ်ဗိုလ်ချုပ်ကြီး ချင်ဟို (The Chinese Admiral Cheng Ho) ၏ ရေတပ်သင်္ဘောများသည် ဘရူနိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြသည်။

ထိုအခါ ဘရူနိုင်းကုန်သွယ်ရေးစခန်းသည် အလွန်ကြီးမားပြီး အာရပ်ကုန်သင်္ဘောများ ပါးရှားကုန်သင်္ဘောများနှင့် အိန္ဒိယကုန်သင်္ဘောများစွာ ဆိုက်ကပ်ပြီး ကုန်ရောင်းကုန်ဝယ်လုပ်နေကြောင်း တွေ့ရသည်ဟု တရုတ်မှတ်တမ်းများတွင် ဖော်ပြကြသည်။

ဆယ့်ငါးရာစုအလယ်မှစပြီး ဘရူနိုင်းဘုရင်များသည် အစ္စလာမ် (Islam) သာသနာကို လက်ခံခဲ့ကြသည်။ ဘရူနိုင်းဘုရင်သည် ထိုခေတ်က ဒေသတွင်း၌ အင်အားအကြီးမားဆုံး မွတ်စလင်ဘုရင်ဖြစ်သော မလက္ကာ (Melaka) စူလတန်၏သမီးနှင့် လက်ထပ်ခဲ့သည်။

အေဒီ ၁၅၁၁ (AD-1511) တွင် အရှေ့ဖျားကို အရင်ဆုံးနယ်ချဲ့ရန် ရောက်လာကြသော ရိုမင်ကက်သလစ်ဘာသာဝင် ပေါ်တူဂီ (Portuguess) တို့၏ လက်အောက်သို့ မလက္ကာမြို့ ကျရောက်ခဲ့သည်။

ထိုအခါ အရှေ့ဖျားဒေသ မွတ်စလင်ကုန်သည်အားလုံးသည် မလက္ကာမြို့တွင် ကုန်စည်အရောင်းအဝယ်မလုပ်ကြတော့ပေ။ ဘရူနိုင်းနိုင်ငံနှင့် မလေးကျွန်းဆွယ်မှ စက်ာပူဆိပ်ကမ်းများတွင် ကုန်အရောင်းအဝယ်ပြုကြသည်။

မလက္ကာဒေသရှိ မလေးမွတ်စလင် သူဌေးများနှင့် အင်ဒိုနီးရှား မွတ်စလင်ကုန်သည်ကြီးများသည် ရိုမင်ကက်သလစ်ပေါ်တူဂီတို့ကို စုပေါင်း၍ စီးပွားရေးဒဏ်ခတ်ကြရာ အကြီးအကျယ်ခံရပြီး မလက္ကာမြို့၏ ကြွယ်ဝချမ်းသာမှုများ ပျက်ဆီးခဲ့ရသည်။

ဘရူနိုင်းဆိပ်ကမ်းတွင် မွတ်စလင်ကုန်သင်္ဘောများ၊ မွတ်စလင်သူဌေးကြီးများ၊ မွတ်စလင်ကုန်သည်ကြီးများနှင့် လွန်စွာ စည်ကားတိုးတက်ခဲ့သည်။

(AD-1521) ခုနှစ်တွင် စပိန်လူမျိုး စွန့်စားသွားလာသူ မက်ဂျဲလန် (Magellan) သည် ဘရူနိုင်းကို ရောက်လာပြီး လေ့လာခဲ့သည်။ လည်ပတ်ခဲ့သည်။

ဆယ့်ခြောက်ရာစုတစ်ခုလုံးတွင် ဘရူနိုင်းနိုင်ငံသည် မလေးကျွန်းဆွယ်ရှိ နိုင်ငံငယ်လေးများနှင့် စီးပွားရေးအရ ဆက်ဆံခဲ့ရသည်။ မလေးကျွန်းဆွယ်တစ်ခုလုံး အင်ဒိုနီးရှားကျွန်းစုများနှင့် တောင်ပိုင်းရှိ ဖိလစ်ပိုင်အထိ ဆက်ဆံခဲ့ရသည်။ (၁၇) ရာစုတွင်လည်း ဘာမျှအပြောင်းအလဲမဖြစ်ခဲ့ပေ။

ထိုအချိန်တွင် ဒေသတွင်း၌ အင်ပါယာကြီးများ ပျက်ဆီးသွားပြီဖြစ်ရာ ဘရူနိုင်းနိုင်ငံသည် အင်အားကြီးနိုင်ငံဖြစ်လာပြီး ကာလီမန်တန် မြောက်ပိုင်းကမ်းခြေအထိ နယ်ချဲ့ခဲ့သည်။ မလေးရှားနိုင်ငံ၏ ဆာရာဝပ် (Sarawak) အထိ သိမ်းပိုက်ထားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံကိုလည်း သိမ်းပိုက်ခဲ့သည်။ ထိုအချိန်က ဘရူးနိုင်းနိုင်ငံသည် အစ္စလာမ်နိုင်ငံဖြစ်သောကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အစ္စလာမ်သာသနာကို ပြန့်နှံ့စေခဲ့သည်။

ဖိလစ်ပိုင်တောင်ပိုင်းတွင် ယခုအချိန် (၂၁) ရာစုတွင် အစ္စလာမ်သာသနာအားကောင်းစွာ ထွန်းကားနေဆဲဖြစ်သည်။ စပိန်ကက်သလစ်နယ်ချဲ့တို့သည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ပြီး အရှေ့တောင်အာရှဖက်ကို နယ်ချဲ့လာကြသည်။ စပိန်နယ်ချဲ့တို့သည် လူဇုန် (Luzon) ကို သိမ်းပိုက်ပြီးနောက် ဖိလစ်ပိုင်တွင် ကက်သလစ်ဘာသာ သာနာကို ဖြန့်ဝေချိန်တွင် မွတ်စလင်ဘရူနိုင်းနှင့် မကြာခဏ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများစွာ ဖြစ်ပေါ်ခဲ့ သည်။

ကက်သလစ်စပိန် (Cathalic Spain) တို့ ဖိလစ်ပိုင်ကျွန်း၏ အလယ်ပိုင်းတွင် ကက်သလစ်သာသနာကို စတင်ဖြန့်ဝေခဲ့သည်။ ဖိလစ်ပိုင်တောင်ပိုင်းကို ကက်သလစ်သာသနာ ဖြန့်ဝေ၍ မရခဲ့ပေ။

(AD-1578) တွင် စပိန်တို့သည် ဖိလစ်ပိုင်မြို့တော်ကို ဝိုင်းထားကြသည်။ ဘရူနိုင်းစစ်သားများက အသက်စွန့်ပြီး ပြင်းထန်စွာ ခုခံတိုက်ခိုက်ကြသည်။ စပိန်တို့က အဆပေါင်းများစွာ အင်အားကြီးမားသောကြောင့် ဘရူနိုင်းတပ်သားတို့ ဆုတ်ပေးလိုက်ကြသည်။ ထိုအချိန်တွင် အပူပိုင်းဒေသ အဖျားရောဂါသည် ကပ်ရောဂါဆိုးအသွင်ဖြင့် ကျရောက်ရာ နှစ်ဖက်စစ်သားအများစုသည် တိုက်ပွဲတွင် သေဆုံးခြင်းမဟုတ်ဘဲ ဆိုးဝါးသော ကပ်ရောဂါဆိုးကြောင့် စပိန်စစ်သားများစွာ ဖျားနာပြီးသေဆုံးကြရာ ဖိလစ်ပိုင်တွင် စပိန်စစ်သား အများဆုံး သေဆုံးခဲ့ရသည်။ နေပြည်တော်ကို သိမ်းပိုက်ပြီးဖြစ်သော်လည်း၊ ဖိလစ်ပိုင်တောင်ပိုင်းရှိကျွန်းများတွင် ဆုလုစူလတန် (Sultnate of Sulu) သည် ပြင်းထန်စွာ ခုခံတိုက်ခိုက်သောကြောင့် စပိန်တို့သည် ဖိလစ်ပိုင်တောင်ပိုင်းရှိ ဆုလုစူလတန်ပိုင်ဆိုင်သော ကျွန်းများကို နှစ်ပေါင်းသုံးရာမျှ တိုက်နေရသည်။ (၁၉) ရာစု ကုန်ကာနီးမှ ဖိလစ်ပိုင်တောင်ပိုင်းရှိ ကျွန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။

မလက္ကာမြို့ကို ပေါ်တူဂီတို့ သိမ်းပိုက်စဉ်အခါက ဘရူနိုင်းနိုင်ငံသည် မွတ်စလင် ကုန်သည်များ၏ အဓိကပင်လယ်ဆိပ်ကမ်းမြို့ကြီးအဖြစ် စီးပွားဖြစ်ပြီး လွန်စွာ ကြွယ်ဝချမ်း သာလာခဲ့သည်။ ပေါ်တူဂီတို့သည် မလက္ကာမြို့ကို သိမ်းပိုက်နိုင်သော်လည်း မွတ်စလင်ကုန် သည်များ ကုန်သဘော်များ ဆိုက်ကပ်ခြင်းမရှိသောကြောင့် စီးပွားပျက်ခဲ့ရသည်။

ထိုအခါ ပေါ်တူဂီတို့သည် ဘရူနိုင်းနိုင်ငံကို အဓမ္မစစ်တိုက်ခြင်းမပြုတော့ဘဲ ပူးပေါင်း ခဲ့ရာ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှကုန်သွယ်ရေးတွင် ပေါ်တူဂီတို့၏ မလက္ကာမြို့ကို ဖော်ထုတ်ထားခြင်းမပြုတော့ဘဲ အဆင်ပြေသော ဆိပ်ကမ်းမြို့တွင် ဆိုက်ကပ်ပြီး စီးပွား ရေးကို ချစ်ခင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။ ပေါ်တူဂီတို့သည် လက်နက်အားကိုးဖြင့် ဘရူနိုင်းနိုင်ငံကို တိုက်ခိုက်နိုင်သော်လည်း စီးပွားရေးရှုထောင့်အရ ပူးပေါင်းပြီး စုပေါင်း လုပ်ကိုင်ကြသောအခါ စစ်တိုက်ဖို့ မလိုအပ်တော့ပေ။

ထိုအခါ ဘရူနိုင်းဘုရင်သည် မလေး ကျွန်းဆွယ်မှ ဆဘား (Sabah) အပါအဝင် ကာလီမန်တန်အရှေ့မြောက်ပိုင်းမှ ကျွန်းများကို ပိုင်ဆိုင်လာသည်။ (၁၈) ရာစုတွင် ဘရူ နိုင်းနေပြည်တော်တွင် နေထိုင်ကြသော လူဦးရေသည် တစ်သောင်း (10,000) မျှဖြစ်သည်။ ထိုအရေအတွက်သည် ၁၈၃၀ ခုနှစ်တွင် ဗြိတိသျှတို့ ကောက်ယူသော စာရင်းဖြစ်သော ကြောင့် မှန်ကန်တိကျလေသည်။ ကာလီမန်တန်ကမ်းခြေ ရှိ ကျွန်းများကို မွတ်စလင်အကြီး အကဲများကို အုပ်ချုပ်ခွင့်ပေးထားသည်။

ကာလီမန်တန်ကမ်းခြေဒေသတွင် နေထိုင်ကြသော လူအများစုသည် မလေးမွတ် စလင်များဖြစ်ကြပြီး၊ တရုတ်လူမျိုးများသည် ထိုအချိန်က မလေးကျွန်းဆွယ်တွင် အနည်း ငယ်မျှသာ ရှိကြသည်။ သူတို့သည် တရုတ်ကုန်သည်များမှ ပေါက်ဖွားလာသော မျိုးဆက် ဖြစ်သည်။

ထို့အပြင် အာရပ်ကုန်သည်များမှ ဆင်းသက်လာသော အာရပ်အနွယ်ဖွားများစွာ ရှိကြသည်။ အာရပ်အနွယ်ဖွားများသည် ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်များ စိုက်ပျိုးကြသည်။

ဘရူနိုင်းနိုင်ငံအတွင်းပိုင်းနှင့် မလေးကျွန်းဆွယ်အတွင်းပိုင်းတွင် ဒေသခံမျိုးနွယ်စု များ နေထိုင်ကြပြီး ကမ်းရိုးတန်းမှ ကုန်သည်များထံမှ သူတို့လိုအပ်သောပစ္စည်းများဝယ်ယူ ပြီး သူတို့စိုက်ပျိုးထားသော သီးနှံများကို တရုတ်ကုန်သည်၊ အာရပ်ကုန်သည်များနှင့် မလေး ကုန်သည်များကို ရောင်းချကြသည်။ ဒေသခံများကို မလေးတို့က လွှမ်းမိုးရန်ကြိုးစားကြသော အခါ ရှိသမျှ အင်အားဖြင့် ခုခံကြသည်။ ထို့ကြောင့် ကျွန်းအတွင်းပိုင်း ကျွန်းဆွယ်အတွင်းပိုင်း

မှ တိုင်းရင်းသားတို့သည် ဗြိတိသျှတို့ရောက်လာချိန်အထိ မည်သူမျှ အုပ်စိုးနိုင်ခြင်းမရှိခဲ့ပေ။

ဘရူနိုင်းနိုင်ငံ၏ တောင်ဖက်ပိုင်းတွင် နေထိုင်ကြသော လူမျိုးစုကို အိုင်ဘန် (Iban or Dayak) ဟု ခေါ်ကြသည်။ ဘရူနိုင်းနိုင်ငံ၏ အရှေ့ဖက်၊ ဆဘား (Sabah) ၌ နေထိုင်ကြသူများမှာ ကဒါဇန်-ဒူစန်း (Kadazan-Dusun) လူမျိုးနှင့် မူရပ် (Murut) လူမျိုးစုများ ဖြစ်ကြသည်။ ဆယ့်ကိုးရာစုတွင် ဘရူနိုင်းဘုရင်သည် စီးပွားရေးကျဆင်းပြီး ဝင်ငွေနည်းသောကြောင့် ဘဏ္ဍာရေးအခက်အခဲ ကြုံတွေ့နေရချိန်တွင် နန်းတွင်း၌ အာဏာပြိုင်ဆိုင်မှုနှင့် ကြုံတွေ့နေရသည်။

၁၈၂၈ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံထီးနန်းကို အိုမာအလီဆိုင်ဖူဒင် (Sultan Omar Ali Saifuddin) ဆက်ခံလေသည်။

သို့သော် စူလ်တန်အိုမာအလီဆိုင်ဖူဒင်သည် ပျော့ညံ့သူဖြစ်သည်။ ယခင် စူလ်တန်၏လက်ထပ်တွင် နန်းတွင်း၌ အာဏာပြိုင်ဆိုင်ဝံ့သူ မရှိကြပေ။ စူလ်တန်အသစ်သည် ပျော့ညံ့ညံ့ဖြစ်ကြောင်း သိသွားသောအခါ ဘရူနိုင်းအကြီးအကဲနှစ်ဦးသည် ကိုယ့်အုပ်စုနဲ့ကိုယ် အာဏာပြလာကြသည်။ စူလ်တန်နှင့် အာဏာပြိုင်လာကြသည်။

စူလတန်၏ ပျော့ညံ့ညံ့အနေအထားကြောင့် အခြားသောနိုင်ငံငယ်လေးများမှ လက်အောက်ခံဘုရင်ငယ်များသည် သစ္စာမခံတော့ဘဲ ကိုယ့်နိုင်ငံကိုယ် ဘုရင်လုပ်ပြီး နေကြရာ ဘရူနိုင်းနိုင်ငံတော်ကြီးသည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲစပြုလာသည်။ အကြီးအကဲများသည် ကိုယ့်နယ်မြေတွင် ကိုယ်ဘုရင်ဖြစ်လာသည်။

၁၈၃၀ နှစ်ကုန်ပိုင်းတွင် ဘရူနိုင်းအနောက်ဖက်အစွန်းရှိ ဆာရာဝပ် (Sarawak) က လက်နက်ကိုင်ပြီး အတိအလင်း ပုန်ကန်တိုက်ခိုက်ခဲ့သည်။ ပြီးနောက် လွတ်လပ်ရေးကြေညာခဲ့သည်။

စူလ်တန်သည် ၁၈၃၇ ခုနှစ်ရောက်မှ စစ်သည်အင်အားကြီးမားစွာ စုဆောင်းပြီး ပုန်ကန်မှုကို ဖြိုခွင်းခဲ့သော်လည်း အောင်မြင်မှုမရတော့ပေ။

✦✦✦

## ဗြိတိသျှနယ်ချဲ့တို့ရောက်လာခြင်း

ဆယ့်ကိုးရာစု ဗြိတိသျှတို့သည် တရုတ်ပြည်နှင့် တိုက်ရိုက်ကုန်သွယ်လိုသောကြောင့်

ရေနံပြေးအဖွဲ့များစေလွှတ်ပြီး မလက္ကာရေလမ်းကြောင်းတစ်လျှောက်ရှိ ဒေသတွင်း နိုင်ငံများကို လေ့လာသည်။ ဗြိတိသျှအစိုးရ၏ မူဝါဒအရ အရှေ့ဖျားကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ပြီး အကျိုးအမြတ်များကို ခံစားလိုသည်။

ဒေသတွင်း၌ ဥရောပမှ အင်အားကြီးမားသော နယ်ချဲ့လက်ဟောင်း ပေါ်တူဂီနှင့် နယ်ချဲ့လက်သစ် ဒတ်(ချ်)တို့ ရှိနေကြသည်ကို သိထားသည်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ (The English East India Company) သည် စီးပွားရေးရှုထောင့်အရ မလေးကျွန်းဆွယ်ကြီးတစ်ခုလုံးကို သိမ်းပိုက်လိုကြသည်။ သို့မှသာ တရုတ်ပြည်နှင့် ကုန်သွယ်ရေးလမ်းကြောင်းကို ထိန်းချုပ်ပြီး လုံခြုံရေးအတွက် အစောင့်များ လုံလောက်စွာ ချထားနိုင်မည်ဖြစ်သည်။ မလေးကျွန်းဆွယ်ကြီးတစ်ခုလုံး၏ ကုန်သွယ်ရေးကို ထိန်းချုပ်ပြီး စိတ်ကြိုက်စီမံဆောင်ရွက်နိုင်မည်ဖြစ်သည်။

မလက္ကာမြို့ကို ဗြိတိသျှတို့ရောက်ကာစတွင် ဒတ်(ချ်) (Dutch) တို့ဟာ သိမ်းပိုက်ထားပြီးဖြစ်သည်။ ပေါ်တူဂီအမြောက်ကြီးများသည် ဆယ့်ခြောက်ရာစုတွင် အကောင်းဆုံးလက်နက်ဖြစ်သည်။ သို့သော် (၁၈) ရာစုအကုန်ပိုင်းတွင် အရှေ့တိုင်းရေလမ်းကြောင်းကို ဒတ်(ချ်) တို့ ရောက်လာသောအခါ ဒတ်(ချ်)တို့၏ ခေတ်မီပေါ့ပါးသော အမြောက်ကြီးများကို မယှဉ်နိုင်တော့ပေ။ ထို့ကြောင့် ဒတ်(ချ်) တို့ကို အရှုံးပေးပြီး မလက္ကာရေလက်ကြားဒေသမှ ထွက်ခွာသွားခဲ့ရသည်

ဗြိတိသျှတို့ (၁၉) ရာစုတွင် အရှေ့တိုင်းရေလမ်းကြောင်းကို ထိန်းချုပ်ရန် ရောက်လာကြသောအခါ ဗြိတိသျှရေတပ်နှင့် ဒတ်(ချ်)ရေတပ်တို့ နှစ်ပေါင်းများစွာ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြပြီးနောက် ဒတ်(ချ်)တို့ အရေးနိမ့်သွားသောကြောင့် ၁၈၂၄ ခုနှစ်တွင် အင်ဂလို-ဒတ်(ချ်) ငြိမ်းချမ်းရေးစာချုပ် ၁၈၂၄ (The Anglo-Dutch Treaty of 1824) ဖြင့် စစ်ပြေငြိမ်းလိုက်ရသည်။ စစ်ပြေငြိမ်းစာချုပ်အရ အင်္ဂလိပ်တို့သည် ဒတ်(ချ်)တို့ထံမှ မလ္လက္ကာမြို့ (Malaka) ကို ရရှိခဲ့သည်။

ဗြိတိသျှတို့သည် စူမတြားကမ်းခြေ၊ အထူးသဖြင့် စူမတြားအနောက်-တောင်ဖက်ကမ်းခြေ (The South-West Coast of Sumatra) ကိုလာပြီး နှောင့်ယှက်ခြင်းမပြုပါဟု ကတိပေးခဲ့ရသည်။ ဗြိတိသျှတို့သည် စင်္ကာပူကို သိမ်းပိုက်ခွင့်ရခဲ့သည်။ ဒတ်(ချ်)တို့ အင်ဒိုနီးရှားကို သိမ်းပိုက်ခြင်းကို ခွင့်ပြုခဲ့ရသည်။

အင်ဒိုနီးရှားဆိပ်ကမ်းများကိုလာပြီး ကုန်သွယ်သောအခါ အများနည်းတူ အခွန်ငွေပေးရမည်။ ဒတ်(ချ်)တို့ကလည်း ဗြိတိသျှတို့ လက်ဝါးကြီးအုပ်ထားသော စင်္ကာပူဒေသကို

ဖြတ်သန်းပြီး ကုန်သွယ်သောအခါ အခွန်ပေးရမည်ဖြစ်သည်။ ဗြိတိသျှတို့ရခဲ့သော စင်္ကာပူမြို့သည် အရှေ့ဖျားကုန်သွယ်ရေးကို ထိရောက်စွာ ထိန်းချုပ်နိုင်သော အနေအထားရှိသောကြောင့် ဗြိတိသျှတို့ အကြီးအကျယ်အောင်မြင်ခဲ့ပြီး ဒတ်(ချ်)တို့ စီးပွားရေးကျဆင်းခဲ့သည်။

၁၈၃၀ နောက်ပိုင်းတွင် ဩစတြေးလျမြောက်ပိုင်းကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သည်။ (Melville) ပင်လယ်အော်ဒေသ ရာဖေးပင်လယ်အော် (Raffles Bay) နှင့် အက်စင်တွန် ဆိပ်ကမ်းများ အထူးစည်ကားခဲ့သည်။

ထိုအချိန်က ဗြိတိသျှတို့တည်ဆောက်ခဲ့သော ပင်လယ်ဆိပ်ကမ်းမြို့များအားလုံး လွန်စွာစည်ကားတိုးတက်ပြီး အရှေ့ဖျားစီးပွားရေး၏ အချက်အချာဒေသများ ဖြစ်ခဲ့ကြသည်။

ဗြိတိသျှတို့သည် ဒတ်(ချ်)တို့နှင့် ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးစာချုပ်အရ ဒတ်(ချ်)တို့ပိုင်နက်ဖြစ်သော အင်ဒိုနီးရှားမှ ဘော်နီယို (Borneo) ကျွန်း၏ အနောက်မြောက်ကမ်းခြေတွင်လည်း ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်ခဲ့သည်။ ဒေသတွင်း၌ ဗြိတိသျှနှင့် ဒတ်(ချ်)တို့ ခေတ်မီလက်နက်ကြီးများဖြင့် ပြင်းထန်စွာ တိုက်ခိုက်နေကြချိန်တွင် အရည်အချင်းမရှိသော ဘရူနိုင်းစူလ်တန်သည် ဆာရာဝပ်မှ ပုန်ကန်မှုနှင့် ရင်ဆိုင်နေရသည်။ ၁၈၃၉ ခုနှစ် ဩဂုတ်လတွင် အင်္ဂလိပ်လူမျိုး ဂျိမ်းဘရွတ်ကီ (Jame Brooke) သည် မလေးကျွန်းဆွယ်ကို ရောက်လာခဲ့သည်။

အရိုင်းဆန်သော နေထိုင်မှုပုံစံလေးကို သူချစ်မြတ်နိုးသည်။ တန်ဖိုးထားပါသည်။ သို့သော် မလေးလူမျိုးများကို သူ ကြင်နာသနားစိတ်ဝင်ခဲ့သည်။

ဆယ့်ကိုးရာစုတွင် ဥရောပသားတို့၏ လူနေမှုအဆင့်အတန်းမျိုးဖြင့် နေခွင့်ပေးလိုသော စေတနာဖြစ်ပေါ်ခဲ့သည်။ သူ့ကို အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက မလေးကျွန်းဆွယ်မှ ပြည်သူလူထုကို စည်းရုံးသိမ်းသွင်းရန် တာဝန်ပေးခဲ့သည်။

သူ၏ဖခင်သည် လွန်စွာ ကြွယ်ဝချမ်းသာသောကြောင့် ငွေများစွာယူလာခဲ့သည်။ လှေကြီးတစ်စင်းဝယ်ယူပြီး စင်္ကာပူကို ပထမဆုံး ရေကြောင်းခရီးထွက်ခဲ့သည်။ ထို့နောက် ကာလီမန်တန် အနောက်မြောက်ကို ခရီးထွက်ခဲ့သည်။

ဆာရာဝပ်မြစ် (The Sarawak river) ကို ၁၈၃၉ ခုနှစ် ဩဂုတ်လတွင် ရောက်ခဲ့သည်။ စူလတန်က အကူအညီတောင်းသောကြောင့် အမြောက်တပ်ဆင်ထားသော လှေကြီးဖြင့် ဆာရာဝပ်အကြီးအကဲ၏ သူပုန်တပ်ကို နှိမ်နင်းပေးခဲ့သည်။ စူလ်တန်က သူ့ကို ဆာရာဘွဲ့ပေးပြီး ဆာရာဝပ်ကို အုပ်ချုပ်စေသည်။ အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီကလည်း ဂျိမ်းဘရွတ်ကီကို ဆာရာဝပ်ဘုရင်ခံအဖြစ် အသိအမှတ်ပြုခဲ့သည်။ ပြည်သူလူထုက သူ့ကို ရာဂျာအဖြူ

(White Rajah) ဟု ခေါ်ကြသည်။

နောက်နှစ်ပေါင်းသုံးဆယ်ကြာသောအခါ ဗြိတိသျှအစိုးရအား ဆာရာဝပ်ကို ဗြိတိသျှ အစောင့်အရှောက်ခံနယ်မြေအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ အောင်မြင်မှုမရခဲ့ပေ။ ၁၈၇၇ ခုနှစ်တွင် အမေရိကန်ထရေးဒင်းကုမ္ပဏီ (The America Trading Company) ကို တည်ထောင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းကို ကြီးကြီးမားမား လုပ်ခဲ့ကြသည်။

အင်္ဂလိပ်တစ်ဦးနှင့် ဩစတြီးယန်းတစ်ဦးတို့ အစုစပ်ကုမ္ပဏီတည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဩစတြီးယန်းသည် လုပ်ငန်းအောင်မြင်နေပါလျက် သူ၏အစုရှယ်ယာများကို အင်္ဂလိပ်အား ရောင်းချပြီး ဥရောပသို့ ထွက်သွားသည်။ ထိုအခါ အင်္ဂလိပ်သည် နောက်ထပ် အင်္ဂလိပ်သူဌေးများကို အစုရှယ်ယာခေါ်ပြီး ကုမ္ပဏီကြီးတစ်ခု တည်ထောင်ခဲ့သည်။ ဘော်နီယို မြောက်ပိုင်း ဗြိတိသျှကုမ္ပဏီ (The British North Borneo Company) ကို တည်ထောင်ခဲ့ကြသည်။

ဒေသတွင်း၌ အင်္ဂလိပ်ကုန်သည်များ ခြေရှုပ်လာခဲ့သည်။ ထိုအခါ ဘရူနိုင်းဘုရင်တပ်နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ မကြာခဏဖြစ်နေသည်။ ထိုဒေသသည် အရှေ့ဖျားစီးပွားရေးအရ အချက်အချာကျသော ဒေသဖြစ်ကြောင်း သိရသောကြောင့် ကြီးမားသောရေတပ် စစ်သင်္ဘောအုပ်စုစေလွှတ်ပြီး ဆာရာဝပ်ဒေသကို သိမ်းပိုက်ခဲ့သည်။ ပြီးနောက် ဗြိတိသျှတို့၏ အစောင့်အရှောက်ခံနယ်မြေဖြစ်သည်ဟု ကြေညာလိုက်သည်။ ၁၉၀၆ ခုနှစ်တွင် ဗြိတိသျှတို့သည် ဘရူနိုင်းနိုင်ငံကို ဗြိတိသျှကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ အကြောင်းပြချက်မှာ လွန်စွာ ခေတ်နောက်ကျနေသောကြောင့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ထောင်ပေးရန်ဟု အကြောင်းပြခဲ့သည်။

၁၉၂၀ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထိုအခါ မလေးယား (Malaya) နယ်နိမိတ်သည် သီးခြားဖြစ်လာသည်။ ဆာရာဝပ်ကို မလေးရှားနိုင်ငံ၏ နယ်နိမိတ်ထဲကို ထည့်သွင်းပေးခဲ့သည်။ ရေပိုင်နက်ကိုလည်း ပြန်၍ ပြင်ဆင်သတ်မှတ်ခဲ့ပြီး မလေးယားအတွက် ပင်လယ်ရေပြင်နှင့် ဘရူနိုင်းနိုင်ငံ၏ ပင်လယ်ရေပြင်ကို အတိအကျ ခွဲခြားသတ်မှတ်ပေးခဲ့သည်။

ဗြိတိသျှတို့သည် ဘရူနိုင်းနိုင်ငံတွင် အခမဲ့ကျန်းမာရေး၊ အခမဲ့ပညာရေးစနစ်များ ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို ဥရောပအဆင့် အတန်းနီးပါးအထိ ကြိုးစားပြီး မြှင့်တင်ပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း စင်္ကာပူနှင့် မလေးရှားကို ဂျပန်တို့သိမ်းပိုက်ခဲ့သော်လည်း

ဘရူနိုင်းနိုင်ငံကို သိမ်းပိုက်ခြင်းမပြုခဲ့ပေ။ ဒုတိယကမ္ဘာစစ်အတွင်း ဘရူနိုင်းနိုင်ငံကို စူလတန် အုပ်ချုပ်နေပြီး ဗြိတိသျှအစောင့်အရှောက်ခံနိုင်ငံအဖြစ် ဆက်၍ ရပ်တည်ခဲ့သည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် ဂေါ်ရခါးတပ်များက တာဝန်ယူထားသည်။

ဗြိတိသျှတို့သည် ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် အာရှနှင့် အာဖရိကမှ ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် (Legislative Council) တွင် ဘရူနိုင်းနိုင်ငံသားအမတ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့သည်။ ဗြိတိသျှတို့သည် ဘရူနိုင်းနိုင်ငံသားများကို ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးအတတ်ပညာများ စတင်သင်ကြားပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံအတွက် ပထမဆုံးအကြိမ် ပြည်သူတစ်ရပ်လုံးပါဝင်သော ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။

ဘရူနိုင်းနိုင်ငံ တန်ခိုးဩဇာကြီးထွားခဲ့စဉ်အခါက သိမ်းပိုက်ထားခဲ့သော မလေးကျွန်းဆွယ်မှ ဆဘားပြည်နယ်နှင့် ဆာရာဝပ်ပြည်နယ်များကို မလေးရှားဖက်ဒရေးရှင်း (Malaysia Federation) ကို ပေးအပ်လိုက်သည်။ ထိုကဲ့သို့ ပေးအပ်ခြင်းကို ဘရူနိုင်း စူလ်တန်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

သို့သော် စူလတန်တွင် မည်သည့်အာဏာမျှ မရှိပေ။ ဗြိတိသျှတို့တွင် လုပ်ပိုင်ခွင့်အာဏာပါဝါအပြည့်ရှိသည်။ ထို့ကြောင့် ဗြိတိသျှတို့ လုပ်ချင်တာလုပ်ခဲ့သည်။ ဘရူနိုင်းနိုင်ငံသည် ပဒေသရာဇ်နိုင်ငံအဖြစ် ဆက်ပြီးရပ်တည်ခွင့်ရှိပြီး ပါလီမန်တွင် အာဏာလွှဲအပ်ရန် ဗြိတိသျှတို့က စနစ်တကျ အစီအစဉ်ပြုလုပ်ခဲ့သည်။ ဘုရင်သည် ရပ်သေးဘုရင်ဖြစ်လာ သည်။

ဘုရင့်သစ္စာခံများက တော်လှန်ပုန်ကန်ခဲ့ကြသည်။ သို့သော် ဘရူနိုင်းလုံခြုံရေးတာဝန်ယူထားသော ဂေါ်ရခါးတပ်က အချိန်တိုတိုအတွင်း ပုန်ကန်မှုကို ဖြိုခွင်းလိုက်သည်။ စူလတန်သည် တိုင်းပြည်ကို အရေးပေါ်အခြေအနေ (a state of emergency) ကြေညာခဲ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ယာယီ၊ ရပ်ဆိုင်းလိုက်သည်။

မကြာမီက ကျင်းပခဲ့သော ရွေးကောက်ပွဲရလာဒ်ကို ဖျက်သိမ်းလိုက်ရသည်။ စူလန်သည် နိုင်ငံအတွင်းမှ ဗြိတိသျှတို့ကို မောင်းထုတ်ရန်အတွက် လက်နက်ကိုင်ပြီးတော်လှန်ရန် မဖြစ်နိုင်ကြောင်း သိခဲ့သည်။ အကောင်းဆုံးမှာ မလေးရှားဖက်ဒရေးရှင်းအသစ် (The New Federation of Malaysia) နှင့် အတူတကွ ပူးပေါင်းခြင်းဖြင့် ဂုဏ်သိက္ခာရှိသော စူလ်တန်အဖြစ် ဆက်၍ ရပ်တည်ခွင့်ရှိမည်ဟု ဆုံးဖြတ်ပြီးသွား၍ ဆွေးနွေးရာ အချိန်နှောင်းသွားပြီဖြစ်သည်။

မလေးရှားဖက်ဒရေးရှင်းနိုင်ငံအသစ်ကို ဗြိတိသျှတို့က လက်ခံခဲ့ပြီးဖြစ်ရာ ဗြိတိသျှ

အစောင့်အရှောက်ခံ (British Protectorate) အဖြစ် ဆက်ပြီးနေခဲ့ရသည်။ ထိုအချိန်တွင် ကမ္ဘာ့အရေ့ဖျား၌ အကြီးဆုံး ရေနံသိုက်၊ သဘာဝဓာတ်ငွေ့သိုက်ကြီးများရှိနေသော ဘရူနိုင်းနိုင်ငံသည် ဗြိတိသျှအစောင့်အရှောက်ခံ နိုင်ငံဖြစ်သော်လည်း ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံစာရင်းထဲ ဝင်နေခဲ့ပြီးဖြစ်သည်။ ထိုအချိန်က ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံး အချမ်းသာဆုံးနိုင်ငံသည် ပင်လယ်ကွေ့မှ ရေနံသူဌေးနိုင်ငံဖြစ်သော ကူဝိတ်နိုင်ငံဖြစ်သည်။

၁၉၇၁ ခုနှစ်တွင် ဗြိတိသျှအစောင့်အရှောက်ခံနိုင်ငံအဆင့်မှ လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်သော ဘရူနိုင်းနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးနှင့် ကာကွယ်ရေးကို ဗြိတိသျှတို့ ချုပ်ကိုင်ထားခဲ့သည်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီ (၁) ရက်နေ့တွင် လုံးဝ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် လွတ်လပ်ရေးပေးခဲ့သည်။ လွတ်လပ်သောဘရူနိုင်းနိုင်ငံတွင် ဗြိတိသျှတို့ လေ့ကျင့်သင်ပေးခဲ့သလို ပါလီမန် ဒီမိုကရေစီ ထွန်းကားခြင်းမရှိပေ။ စူလတန်၏ တော်ဝင်မိသားစုက ဝန်ကြီးရာထူးများကို ချုပ်ကိုင်ထားသည်။

စူလတန်က ပဒေသရာဇ်စနစ်ဖြင့် ဆက်ပြီး အုပ်ချုပ်ခဲ့သည်။ နိုင်ငံရေးပါတီများကို ဖျက်သိမ်းခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အာဆီယံ (ASEAN) ၏ အဖွဲ့ဝင်ဖြစ်သည်။ ဘော်နီယိုကမ်းခြေမှ ရေနံတွင်းများပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် ပြဿနာဖြစ်ခဲ့သည်မှလွဲပြီး နိုင်ငံတကာနှင့် သင့်မြတ်စွာဆက်ဆံနေထိုင်သော ရေနံသူဌေးနိုင်ငံကို အိမ်နီးချင်းနိုင်ငံအားလုံးက လေးစားစွာဆက်ဆံကြသည်။

ဘရူနိုင်းနိုင်ငံသည် ၁၉၆၀ ခုနှစ်ကတည်းက အာဆီယံအဖွဲ့ကြီးနှင့် နီးကပ်မှုရှိခဲ့သည်။ ဗြိတိသျှအစောင့်အရှောက်ခံနိုင်ငံအဆင့်၌သာရှိသောကြောင့် အာဆီယံအဖွဲ့ကြီး၏ မူဝါဒအရ အသင်းဝင်အဖြစ် လက်ခံ၍မရပေ။

၂၀၀၁ ခုနှစ်တွင် သတ္တမအကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူပြီး ကျင်းပပေးခဲ့သည်။ ထိုအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်၊ ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်နှင့် တောင်ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

၂၀၀၂ ခုနှစ် ဇူလိုင်လတွင် အာဆီယံဒေသဆိုင်ရာဖိုရမ် (The ASEAN Regional Forum) ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံမှ စုပေါင်းလက်မှတ် ရေးထိုးကြသည်။

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အာဆီယံသည် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘု(ရှ်) (George W.Bush) သည် ဘရူနိုင်း စူလတန်ကို ဝါရှင်တန်သို့ ဖိတ်ခေါ်ချက်အရ ဝါရှင်တန်တွင် အမေရိကန်သမ္မ ဘု(ရှ်) နှင့် တွေ့ဆုံဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် စူလတန်သည် အမေရိကန်တို့ အီရတ်ကို ကျူးကျော်ခြင်းအား ဆန့်ကျင်သည်ဟု ပြောခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးအင်ပါယာ (The Business Empire) ကို ဦးဆောင်နေသော မင်းသား ဂျီဖရီ (Prince Jefri) ၏ စီမံခန့်ခွဲမှုအမှားအယွင်းကြောင့် အကြွေး အမေရိကန်ဒေါ်လာ ဆယ့်ငါးဘီလီယံ (US $ 15 billion) တင်ခဲ့သောကြောင့် မင်းသားကို ဘရူနိုင်းရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (The Brunei Investment Agency) ၏ ဥက္ကဋ္ဌ ရာထူးမှ ဖယ်ရှားလိုက်သည်။

မင်းသားဂျီဖရီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးအဖြစ် ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

✦✦✦

# ခေတ်သစ်ကမ္ဘာကြီးထဲက ဘရူနိုင်း

ခေတ်သစ်ကမ္ဘာကြီးတွင် ဘရူနိုင်းနိုင်ငံသည် ဘုရင်စနစ်ဖြင့် အုပ်စိုးနေသော်လည်း ထာဝရဘုရားက ရေနံနှင့် သဘာဝဓာတ်ငွေ့များစွာ ထွက်စေသောကြောင့် ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်နေသည်။ အစ္စလာမ်မစ်နိုင်ငံဖြစ်သောကြောင့် ဘာသာရေးအဆုံးအမဖြင့် နေထိုင်ကြသည်။

လူဦးရေသိပ်မများသောကြောင့် ဘုရင်သည် နိုင်ငံသားအားလုံးကို ထောက်ပံ့နိုင်စွမ်းရှိသည်။ နိုင်ငံသားအားလုံး ကြွယ်ဝချမ်းသာကြသည်။ နိုင်ငံအရွယ်အစား သေးငယ်သည့် ဘော်နီယို (Borneo) ကျွန်းသို့မဟုတ် ကာလီမန်တန်ကျွန်း၏ အနောက်မြောက် ကမ်းခြေ၌ တည်ရှိသည်။

ဘော်နီယိုကျွန်းမှ စူလတန်နိုင်ငံဟု အနောက်တိုင်းရင်းသားများက ခေါ်ဆိုရာမှ ဘရူနိုင်း (Brunei) အမည်ပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်ငံအကျယ်အဝန်းမှာ စတုရန်းမိုင် နှစ်ထောင့်နှစ်ရာနှစ်ဆယ့်ခြောက်မိုင် (2,226) မျှသာရှိသည်။

ဘရူနိုင်းနိုင်ငံသည် အစ္စလာမ်မစ်နိုင်ငံ (Islamic State) ဖြစ်သည်။ စူလတန်သည်

အာဏာအရှိဆုံးဖြစ်သည်။ ယခု အုပ်စိုးနေသော စူလတန်ဆာဟာစန်နယ်ဘိုကီယာ (Sir Hassanal Bolkiah) သည် အမှတ်စဉ်နှစ်ဆယ့်ကိုး စူလတန် (the 29th Sultan in the dynasty) ဖြစ်သည်။

လူဦးရေသည် ၂၀၀၉ ခုနှစ် စာရင်းအရ လေးသိန်း (400,000) မျှသာရှိသည်။ လူများစုသည် မလေးမွတ်စလင်များဖြစ်ကြသည်။ ဒုတိယလူဦးရေအများဆုံးသည် တရုတ်လူမျိုးများဖြစ်ကြပြီး လူဦးရေစုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းအထိရှိသည်။ အခြားလူမျိုးများစွာ အနည်းငယ်စီရှိကြပြီး စုစုပေါင်းလူဦးရေ၏ ရှစ်ရာခိုင်နှုန်း (8 percent) ဖြစ်သည်။ နိုင်ငံ၏အရွယ်အစားသေးငယ်ပြီး လူဦးရေနည်းပါးသော်လည်း ကမ္ဘာပေါ်တွင် အကြီးမားဆုံးတစ်ခုဖြစ်သော ရေနံသိုက်နှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးရှိသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အချမ်းသာဆုံးနိုင်ငံဖြစ်သည်။ နှစ်စဉ်ဝင်ငွေသည် အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးဖြစ်ပြီး နိုင်ငံသားတစ်ဦး၏ တစ်နှစ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ နှစ်သောင်းခုနှစ်ထောင် (US $ 27,000)၊ မြန်မာကျပ်ငွေဖြင့် ငါးဆယ့်လေးသိန်းဖြစ်သည်။

ဘရူနိုင်းဘုရင်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးအစိုးရဖြစ်သော်လည်း ရေနံသိုက်ကုန်သွားပါက ဆင်းရဲဒုက္ခရောက်မည့်ဘေးမှ ကာကွယ်ရန်အတွက် နိုင်ငံပေါင်းများစွာတွင် လုပ်ငန်းပေါင်းများစွာဖြင့် ရင်းနှီးမြှုပ်နှံထားခဲ့သည်။ ရရှိသောအကျိုးအမြတ်များကို ကိုယ်ကျိုးအတွက်သုံးစွဲခြင်းမပြုဘဲ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဖက်ဖက်မှ ကြိုးပမ်းခဲ့သည်။ နိုင်ငံတော်အတွက် မကုန်မခမ်းနိုင်သော အရင်းအမြစ်များဖြစ်ပေါ်စေပြီး သားစဉ်မြေးဆက် ကြွယ်ဝချမ်းသာစေခဲ့သည်။

ရေနံသူဌေးနိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများစွာ ထူထောင်ထားသည်။ စက်မှုအဖွံ့ဖြိုးဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ဖို့ကြိုးစားနေဆဲဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ရပ်ဝေးဆက်သွယ်ရေး (Telecommunication) ကမ္ဘာ့အဆင့်မီအောင် ပြုလုပ်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် (Tel Bru) ကိုတည်ထောင်ပြီး (Info-Communication Technology Industry) ထူထောင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချရာမှ လျှံပယ်ရရှိနေသော ဝင်ငွေဖြင့် အနောက်တိုင်းစက်မှုနိုင်ငံများတွင် မြောက်များစွာ ရင်းနှီးမြှုပ်နှံထားရာ နှစ်စဉ်ဝင်ငွေကြီးများစွာ ရရှိနေသည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကျဆင်းသောကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း

(၂)

# ကမ္ဘောဒီးယားနိုင်ငံ

# CAMBODIA



Angkor Wat

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e-Library ) တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

# အရှေ့တောင်အာရှနိုင်ငံများသမိုင်း

# A SHORT HISTORY OF SOUTH-EAST ASIA

စာအုပ်တစ်အုပ်တည်းဖြင့် အရှေ့တောင်အာရှသမိုင်းကို ပြည့်စုံစွာ ဖော်ပြနိုင်သော စာအုပ်ဖြစ်ပါသည်။

**Ronachai Krisadaolarn**
*Managing Director*
*Bangkok Internaational Associates, Thailand*

အာဆီယံလို့ခေါ်တဲ့ နိုင်ငံငယ်လေးတွေဟာ သိပ်ပြီး ရှုပ်ထွေးကြပါတယ်။ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေ ကွဲပြားကြပါတယ်။ ကိုးကွယ်ကြတဲ့ ဘာသာ ကွဲပြားကြတယ်။ ဒီတော့ စီးပွားရေးသမားတွေအနေနဲ့ အခက်ကြုံရပါတယ်။ ဒီစာအုပ်ထဲမှာ ဒါတွေကို ပြည့်စုံစွာ ဖော်ပြထားတာဆိုတော့၊ သမိုင်းကို လေ့လာသူတွေသာမက၊ စီးပွားရေး လုပ်ကိုင်လိုသူတွေ အတွက်လည်း အကျိုးများပါတယ်။

**Valeriano del Rosario**
*Managing Partner*
*VERALAW, Del Rosario Bagamasbad & Raboca, Philippines*

ဒီစာအုပ်ကိုဖတ်လိုက်တဲ့အခါမှာ အရှေ့တောင်အာရှနိုင်ငံတစ်ခုချင်းစီရဲ့သမိုင်းတွေကို သိခွင့်ရတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခု မတူကွဲပြားတဲ့ အချက်တွေကို သိခွင့်ရတယ်။ ရှေးဟောင်းသမိုင်းမှစပြီး ယနေ့ မျက်မှောက်ခေတ်ကာလ အခြေအနေတွေကို သိခွင့်ရနိုင်တယ်။

**Stephen Grenville**
*Former Deputy Governor*
*Reserve Bank of Australia*

အရှေ့တောင်အာရှနိုင်ငံများ သမိုင်း
9 794318 012268

d e s i g n e d b y z a n y e h t u t